# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

နေ့စွဲ။ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ( ၂) ရက်

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၈-၉-၂၀၁၉)နေ့တွင် ကျင်းပသည့်( ၉/၂၀၁၉ )ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်(တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ဘဏ်၏ သင်းဖွဲ့ စည်းမျဉ်း အပိုဒ်(၈၅)နှင့်အညီ ဒါရိုက်တာများမှ အလှည့်ကျနုတ်ထွက်မည် ဖြစ်ပြီး နုတ်ထွက်သည့် ဒါရိုက်တာများနေရာတွင် ပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။

၂။ အရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာလျှောက်လွှာများကို နှစ်ပတ်လည် အထွေထွေ အစည်းအဝေးမကျင်းပမီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တစ်လကြိုတင်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၉၁)အရ (Special Account)ရှိ အစုရှယ်ယာရှင်များနှင့် ရန်ကုန်စတော့အိပ်ချိန်း (YSX )တွင် အရောင်းအဝယ်ပြုလုပ်ရန် (Securities Account) ဖွင့်ထားသူအစုရှယ်ယာရှင်များသည် **(၃၀-၉-၂၀၁၉)နေ့** ရန်ကုန်စတော့အိပ်ချိန်း အရောင်းအဝယ် ပိတ်သိမ်းချိန်ရှိ အစုရှင်စာရင်း (ရန်ကုန်စတော့အိပ်ချိန်း(YSX)၏ Record date (၄-၁၀-၂၀၁၉)နေ့တွင်အစုရှယ်ယာ (၁၀၀)စုနှင့် အထက်ပိုင်ဆိုင်ထားသူများမှာ ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံပိုင်ခွင့်ရှိပါသည်။

၄။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့်ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ၊ အခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)မှ(၈)ထိ တွင် ဖော်ပြထားသည့်အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ (အောက်ပါ**website**များတွင် ပူးတွဲတင်ပြထားပါသည်။)

၅။ ဒါရိုက်တာအဖြစ်အရွေးခံလိုပါကရန်ကုန်စတော့အိတ်ချိန်း**website** https:// ysx- mm. com နှင့် ပထမပုဂ္ဂလိကဘဏ် **website** www.firstprivatebank.com.mm နှင့် Internet facebook **"First Private Bank"** တို့တွင် လျှောက်လွှာများကို ရယူနိုင်ပါသည်။

၆။ လျှောက်လွှာများကို **(၁၈-၁၀-၂၀၁၉)**နေ့ နောက်ဆုံးထား၍ ပထမပုဂ္ဂလိကဘဏ်လီမိတက် ရုံးချုပ်၊ အမှတ်-၆၁၉/၆၂၁၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းဒေါင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ သို့ ကိုယ်တိုင် လာရောက်ပေးပို့ပါရန် အသိပေးအပ်ပါသည်။

၇။ ထပ်မံသိရှိ စုံစမ်းမေးမြန်းလိုပါက အမှုဆောင်အရာရှိချုပ်၊ ဖုန်းအမှတ်-၀၁-၃၇၆၄၅၂ နှင့် ရှယ်ယာဌာန ၀၉-၇၃၂၅၀၄၁၆၊ ၀၁-၂၅၁၇၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၂၈)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်ဒါရိုက်တာအဖြစ်အရွေးခံရန်

## လျှောက်ထားသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ အမည် ----------------------------------------

၂။ အဘအမည် ----------------------------------------

၃။ လူမျိုး/ဘာသာ ----------------------------------------

၄။ မွေးသက္ကရာဇ်/အသက် ----------------------------------------

၅။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------------------------------------

၆။ ပညာအရည်အချင်း ----------------------------------------

၇။ လက်ရှိအလုပ်အကိုင် ----------------------------------------

၈။ ဇနီး/ခင်ပွန်းအမည် ----------------------------------------

၉။ ဇနီး/ခင်ပွန်း အလုပ်အကိုင် ----------------------------------------

၁၀။ ဆက်သွယ်ရန်အမြဲတမ်းနေရပ်လိပ်စာနှင့်ဖုန်းနံပါတ်----------------------------------------

----------------------------------------------------------------------

၁၁။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း(မရှိပါက မရှိကြောင်းဖော်ပြရန်)

(က) လုပ်ငန်းအမည် ----------------------------------------

(ခ) ရာထူး ----------------------------------------

(ဂ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့်ဖုန်းနံပါတ် ----------------------------------------

၁၂။ ဘဏ်(သို့မဟုတ်)အဖွဲ့အစည်းတစ်ခုတွင်တာဝန်ထမ်းဆောင်ဖူးပါက

(က) ဘဏ်/အဖွဲ့အစည်းအမည် ----------------------------------------

(ခ) အမြင့်ဆုံးတာဝန်ထမ်းဆောင်ခဲ့သောရာထူး/လုပ်သက် ------------------------------

၁၃။ တရားမဝင်သောနည်းလမ်းမှရရှိသည့်ငွေကြေးခဝါချမှု
ကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက် ----------------------------------------

၁၄။ ဝယ်ယူထားသည့်အစုအရေအတွက်နှင့်ရှယ်ယာနံပါတ်
(သို့မဟုတ်) ID နံပါတ် ----------------------------------------

လက်မှတ် ------------------------------

အမည် ------------------------------

မှတ်ချက်- (၁) ရှေ့နေဖြစ်ပါက တရားရုံး၏ခွင့်ပြုချက်ကိုပါ ပူးတွဲတင်ပြရန်။

(၂) ဒါရိုက်တာအဖြစ်ဝင်ရောက်အရွေးခံလိုပါက ဤလျှောက်လွှာကို**(၁၈-၁၀-၂၀၁၉)နေ့**ထက်
နောက်မကျဘဲပထမပုဂ္ဂလိကဘဏ်(ရုံးချုပ်) အမှတ်(၆၁၉/၆၂၁)ကုန်သည်လမ်းနှင့်
ဗိုလ်ဆွန်ပက်လမ်းဒေါင့်၊ ပန်းဘဲတန်း မြို့နယ်သို့ အရောက်ပေးပို့ရပါမည်။

**အထူးပန်ကြားချက်-** **ဒါရိုက်တာအဖြစ်အရွေးခံလိုပါက (၃၀-၉-၂၀၁၉)နေ့တွင် အနည်းဆုံးအစုရှယ်ယာ(၁၀၀)စု ပိုင်ဆိုင်ထားရန်လိုအပ်ပါသည်။**

(ပူးတွဲ)

ဒါရိုက်တာအဖြစ်အရွေးချယ်ခံရန် အဆိုပြုသူများအား မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)မှ(၈)အရ ရာထူးတာဝန်နှင့် သင့်မြတ်လျော်ကန်သူ ဟုတ်/မဟုတ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့် အတွေ့အကြုံများ၊

(၂) အဆိုပါပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖြားမှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြားမလျော်မကန်မှုပြုမှုကြောင်း ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်းပြည်ပတွင် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုက ဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေး စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိ/မရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ လူမွဲစာရင်းခံရသူအဖြစ် ကြေညာခံရခြင်း ရှိ/မရှိ၊

(၅) အဆိုပါပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ်/မဟုတ်၊

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုကသော်လည်းကောင်း၊ နိုင်ငံတော်တွင်အစိုးရ ဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း၊ စိတ်မနှံ့သူဖြစ်သည်ဟုကြေညာထားခြင်းခံရသူ ဟုတ်/မဟုတ်၊

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်း၊ စည်းမျဉ်းအရ အရေးယူခြင်း ကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ်/မဟုတ်၊

(၈) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အား ခေတ္တရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အဓိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ်/မဟုတ်၊